“ပေါက်ဖော်ချစ်ကြည်ရေး”

# ဘာကကျောင်းတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ လုပ်ဆောင်သော ကောင်းမှုကုသိုလ်လှူပ်ရှားမှု၌ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် မန္တလေးလွှတ်တော်ဥက္ကဋ္ဌတို့အတူတက်ရောက်ခဲ့ကြ

ယခုရက်ပိုင်းတွင် မြန်မာယာဉ်မောင်းအုပ်စု(MYANMAR DRIVING GROUP: MDG)မှ နဂါးကိုးကောင်ဘုန်းကြီးကျောင်းတွင်ကျင်းပသော ကောင်းမှုကုသိုလ်လှုပ်ရှားမှုတွင် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ်ဝမ်ကျုံးရင်းနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦးတို့ အတူတက်ရောက်ပါဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံအမျိုးသားပညာရေးစနစ်တွင်မိဘမဲ့ကလေးများနှင့် ဆင်းရဲသားမိသားစုများအတွက်ဘုန်းကြီးကျောင်းပညာရေးသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နဂါးကိုးကောင်ဘုန်းကြီးကျောင်းသည် ဖူချင့်ကွန်ဖြူးရှပ်စာသင်ကျောင်း (FITC)၏ တရုတ်စာသင်ကြားသော ဘုန်းကြီးစာသင်ကျောင်းလည်းဖြစ်သည်။ အဆိုပါကျောင်းတွင် ကျောင်းသား(၂၀၀)ခန့် တရုတ်စာ သင်ကြားလေ့လာနေကြသည်။ တရုတ်စာအရည်အချင်း အမီမြင့်ဆုံးသောကျောင်းသားသည် HSK Level3 အောင်ပြီဖြစ်သည်။ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးသည် နဂါးကိုးကောင်ဘုန်းကြီးကျောင်း အပါအဝင်တရုတ်စာသင်သည့်ဘုန်းကြီးကျောင်းများကို အထူးအလေးပေးခြင်းရှိပြီး တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ နဂါးကိုးကောင်ဘုန်းကြီးကျောင်းအတွက် စာကြည့်တိုက်လေးလှူဒါန်းခဲ့သည်။ နဂါးကိုးကောင်ဘုန်းကြီးကျောင်းသည် ဖူချင့်(FITC)၊ ယူနန်တက္ကသိုလ်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် ကြင်းတောယန်းပရဟိတအသင်းချုပ်တို့ ပူးပေါင်းတည်ဆောက်သော “တရုတ်-မြန်မာချစ်ကြည်ရေး အသက်မွေးဝမ်းကျောင်းနည်းပညာကောလိပ်”၏ ကျောင်းဝန်းထဲတွင် တစ်ခုအပါအဝင်လည်းဖြစ်သည်။



## “နိုင်ငံခြားသားများ၏ ယူနန်ပုံပြင်”

ရာသီဥတုသာယာခြင်း၊ အစားအသောက်များအရသာရှိခြင်း၊ ထူးခြားသော ရိုးရာယဉ်ကျေးမှုရှိခြင်းစသည့်အချက်များသည် နိုင်ငံခြားသားများက ယူနန်ကိုကြိုက်နှစ်သက်သော အကြောင်းအရင်းများဖြစ်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အကောင်အထည်ဖော်ဆောင်ရွက်နေသည်နှင့်အလျောက် ယူနန်ပြည်နယ်သည် တောင်အာရှအရှေ့တောင်အာရှကို အကျယ်အပြန့်အကျိုးပြုသောစင်တာကို ဆောက်လုပ်နေသည်။ နိုင်ငံခြားသားတော်တော်များများသည် ယူနန်ပြည်နယ်တွင် စီးပွားရေးရှာကာ ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေနေကြသည်။

သို့ဖြစ်၍ ယခုဆောင်းပါးတွင် ပြောင်းလဲဖွံ့ဖြိုးတိုးတက်နေသော ယူနန်ပြည်နယ်တွင် အိပ်မက်အကောင်အထည်ဖော်သည့် နိုင်ငံခြားသားများ၏တွေ့ကြုံခံစားနေရသောပုံပြင်များကို ဖော်ပြသွားမည်ဖြစ်ပြီး တရုတ်အိပ်မက်ဖြစ်မြောက်ရာတွင် ယူနန်ပြည်နယ်အပိုင်း၏ တမူထူးခြားသော ဖြစ်ရပ်များကို အတူဖတ်ရှုခံစားကြပါစို့။

## နွေဦးမြို့တွင်ဖြစ်ပွားခဲ့သော မလေးရှားမိန်းကလေးရှထန်၏ ပုံပြင်

ရှထန်ဟုခေါ်သော မိန်းကလေးတစ်ဦးသည် “ချွင်းချိန်” နွေဦးမြို့ဟုခေါ်ခြင်းခံရသောကူမင်းမြို့ကို ကြိုက်မိသည်။ မလေးရှားနိုင်ငံမှ ရှထန်သည် ဂျပန်အစားအသောက်ကို နှစ်သက်သည့်အတွက်ကြောင့် Dellကုမ္ပဏီမှ အလုပ်ထွက်ပြီး ဆူရှီလုပ်နည်းလေ့လာသင်ယူကာ စားသောက်ဆိုင်ဖွင့်လာသည်။

သို့ဖြစ်၍ ယခုပုံပြင်ဖြစ်ပွားလာသည်။ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့မှ ကောင်မလေးဟွမ်ရှထန်သည် ၂၀၁၇ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့ ကူမင်းမြို့ရှိ “ Foreigner Street” Culture Lane တွင် သက်သတ်လွတ်စားသောက်ဆိုင်” ဆူရှီစားဖိုခန်းကို ဖွင့်ခဲ့သည်။

“ဘာကြောင့်ကူမင်းမြို့ကိုလာတာလဲ။”ဟု မေးလျှင် ရှထန်သည် ယူနန်ပြည်နယ်နှင့်ရှိသော ရေစက်ကံကြမ္မာကြောင့်ဟု တင်စားပြောဆိုသည်။

သူမသည် ယခင် Dellကုမ္ပဏီတွင် လစာကောင်းကောင်းရပြီး တည်ငြိမ်သော လူနေမှုရှိခဲ့သည်။ သို့သော်စိန်ခေါ်မှုရင်ဆိုင်ရန် ကြိုးပမ်းအားထုတ်သော သူမသည် ပိုမိုတောက်ပသောဘဝကို ပိုင်ဆိုင်လိုသည်။ ဘဝတွင် ပြောင်းလဲမှုများနှင့်ကြုံတွေ့နိုင်သည်။ သူမ၏ဘဝအကူးအပြောင်းမှာ ထမင်းတစ်နပ်တွင် “ဝှက်”ထားပါသည်။



“တကယ်တော့ ကျွန်မကအခြားအလုပ်များပြောင်းလုပ်ချင်တယ်။ တနေ့ကွမ်လာလမ်ပူမြို့ရဲ့ ဆူရှီစားသောက်ဆိုင်တစ်ဆိုင်မှာ ကျွန်မထမင်းစားရင်း ဒီစားသောက်ဆိုင်အတွင်းသို့ ကျွန်မလိုက်ပါလိုက်ရင်ကောင်းမလားလို့ ရုတ်တရက်စဉ်းစားမိတယ်။ ဒီနောက်ကျွန်မအလုပ်ထွက်လိုက်ပြီး ပန်းကန်ဆေးတဲ့အဆင့်မှ စတင်လုပ်ကိုင်ခဲ့တယ်။” ဟု ရှထန်ပြန်တွေးရင်းပြောပြသည်။ ဒါဟာမကောင်းတဲ့ ဆုံးဖြတ်ချက်တစ်ခုလား။ မဟုတ်ပါ။ သူမသည်အခြေခံအလုပ်မှ စတင်လုပ်ကိုင်ပြီး ထိုစားသောက်ဆိုင်တွင်(၂)နှစ်ကြာ အလုပ်လုပ်ခဲ့သည်။

ဆူရှီစားဖိုခန်းသည် မလေးရှားနိုင်ငံတွင်ရှိသော သက်သတ်လွတ်စားသောက်ဆိုင်ဖြစ်ပြီး ဆိုင်(၆)ဆိုင်ရှိသည်။ ဆူရှီစားဖိုခန်း(၇)ဆိုင်မြောက်ဖွင့်လှစ်ရန် ဆုံးဖြတ်ရာတွင်တရုတ်နိုင်ငံ၌ တစ်ဆိုင်ဖွင့်ရန် ရုတ်တရက်စဉ်းစားမိပြီး ရှထန်သည်ဆိုင်ဖွင့်မည့်မြို့ကို ကူမင်းမြို့အဖြစ်ရွေးချယ်ခဲ့သည်။

ရှထန်သည် လီကျန်တွင်စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ကူမင်းမြို့တွင် လေယာဉ်ပြောင်းစီးခဲ့သည်။ ထိုအကြား တစ်ချိန်ချိန်မှစပြီး သူမ၏စိတ်တွင် ယူနန်ပြည်နယ်ကို ကြိုက်နှစ်သက်သော မေတ္တာမျိုးစေ့များချပြီဖြစ်သည်။

ရှထန်သည် ကူမင်းသို့လာရောက်ပြီးနိုင်ငံရပ်ခြားတွင် ပထမဦးဆုံးသော နိုင်ငံခြားဆိုင်ခွဲဖွင့်ရန် စီစဉ်ခဲ့သည်။ ၂၀၁၇ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် စားဖိုခန်းစတင်ဖွင့်လှစ်ခဲ့သည်။




“မှုမှန်ကောင်းမွန်သောအရာရရှိစေရန် ကုန်ကြမ်းတော်တော်များများကို မလေးရှားမှ တိုက်ရိုက်တင်ပို့သည်။”ဟု ရှထန်ကပြောသည်။ “အချို့ဟင်းများတွင် သဘာဝအမွှေးနံ့သာ (၁၀)မျိုးခန့် ပါဝင်သည်။ ကျွန်မတို့သည်ဧည့်သည်များအတွက် အချို့ဟင်းများကို အကောင်းဆုံးပေါင်းစပ်ခြင်းများ ပြုလုပ်ပြီဖြစ်သည်။ ကုန်ကြမ်းတိုင်းဖြင့် သေသေချာချာချက်ပြုတ်သည်။ ဟင်းများအားလုံးသည် အကောင်းဆုံးကုန်ကြမ်းများဖြင့် ချက်ပြုတ်သည်။ ဧည့်သည်များကဟင်းမှာပြီးနောက် ချက်ချင်းချက်ပြုတ်ခြင်းဖြစ်သည်။”

“အချို့ဧည့်သည်များသည် ဘတ်(စ်)ကားတစ်နာရီခန့်စီးကာ စားဖိုခန်းသို့လာရောက် သုံးဆောင်ကြသည်။ အချို့မှာ ဆောင်းရာသီ၏ အအေးဒဏ်ခံကာနာရီဝက်ခန့်လမ်းလျှောက်ပြီး လာရောက်စားသုံးကြသည်။ တဖန်ယွမ်ထုံးဘုရားကျောင်းမှ ဆရာတော်တစ်ပါးသည် မကြာခဏ ဆိုင်လာထိုင်ပြီး လက်ဖက်ခြောက်များလည်း လက်ဆောင်ပေးပါသေးသည်။”ဟူ၍ မိတ်ဟောင်းပိုများလာနေပြီး “မြေညီထပ်မှ ဂီတာနှင့်စာအုပ်၊ ဒုတိယအထပ်မှ စန္ဒယားသည်လည်း ဧည့်သည်ထံမှရထားသော လက်ဆောင်များဖြစ်သည်။”ဟုရှထန်က ပြောပြသည်။

အဘယ်ကြောင့် ယူနန်ကိုရွေးချယ်သနည်းဟုသတင်းထောက်က မေးမြန်းရာတွင် “ဒီနေရာဟာအရမ်းလှပြီး အေးအေးဆေးဆေးနေထိုင်နိုင်တယ်။ လူများအချင်းချင်းလည်း မေတ္တာထားကြပါတယ်။”ဟု ရှထန်ကသေချာစဉ်းစားပြီး ပြန်ဖြေခဲ့သည်။

သတင်းထောက် လီဟိန်ချန်